ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ဘဲ့ရှင်းလင်းဖွင့်ဆိုချက်
အမှတ်၊ ၁ /၂၀၂၃

နေပြည်တော်၊၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၁ ရက်
(၂၀၂၃ ခုနှစ်၊ ဇွန် လ ၂၈ ရက်)

# အလုပ်သမားများအား အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးဖြင့် နေရာထိုင်ခင်းပံ့ပိုးသည့် အကျိုးခံစားခွင့်များကို လစာဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရန် လိုအပ်ခြင်း ရှိ/မရှိ အမိန့်ဘဲ့ရှင်းလင်းဖွင့်ဆိုခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဝင်ငွေခွန်ဥပဒေပုဒ်မ ၅၁ ၊ ပုဒ်မခွဲ (ဂ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အလုပ်ရှင်က အလုပ်သမားများအား အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးဖြင့် နေရာထိုင်ခင်းပံ့ပိုးခြင်း အကျိုးခံစားခွင့်များကို လစာဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရန်လိုအပ်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းများကို ရှင်းလင်းစွာသိရှိနိုင်စေရန်အတွက် အမိန့်ဘဲ့ရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

## သက်ဆိုင်သည့်အကြောင်းအရာ

၂။ ဤအမိန့်ဘဲ့ရှင်းလင်းဖွင့်ဆိုချက်သည် အလုပ်ရှင်က အလုပ်သမားများအား အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးဖြင့် နေရာထိုင်ခင်းပံ့ပိုးခြင်း အကျိုးခံစားခွင့်များကို လစာဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်း တွက်ချက်ရန်လိုအပ်ခြင်း ရှိ/မရှိ နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အမိန့်ဘဲ့ရှင်းလင်းဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

## အကျိုးသက်ရောက်သူများ

၃။ ဤအမိန့်ဘဲ့ရှင်းလင်းဖွင့်ဆိုချက်သည် အလုပ်ရှင်က အလုပ်သမားများအား အခမဲ့ သို့မဟုတ် ထောက်ပံ့ကြေးဖြင့် နေရာထိုင်ခင်းပံ့ပိုးခြင်း အကျိုးခံစားခွင့်များကို ခံစားခွင့်ပြုသည့် အလုပ်ရှင်၏ ငွေထုတ်ပေးရန်တာဝန်ရှိသူ နှင့် ယင်းခံစားခွင့်များကိုခံစားပြီး လစာခေါင်းစဉ်ဖြင့် အခွန်စည်းကြပ်မှု ခံယူမည့် အခွန်ထမ်းများနှင့် သက်ဆိုင်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၉ တွင် "မည်သူမဆို အလုပ်ရှင်ထံမှ မိမိရရှိသည့် သို့မဟုတ် ရရန်ရှိသည့် လစာ ၊ လုပ်ခ ၊ နှစ်စဉ်ကြေး ၊ ဆုကြေး ၊ ချီးမြှင့်ငွေ ၊ လစာနှင့်လုပ်ခအစား သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ ၊ ကော်မရှင်တို့အတွက် လစာခေါင်းစဉ်ဖြင့် အခွန်ထမ်းဆောင် ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

၅။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၁၆ ပုဒ်မခွဲ(က) တွင် "လစာခေါင်းစဉ်နှင့် အကျုံးဝင်သော ငွေတစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ ငွေထုတ်ပေးရန် တာဝန်ရှိသူသည် ထိုငွေထုတ်ပေးချိန်၌ ထုတ်ပေးသည့်ငွေမှ ကျသင့် သောအခွန်ကို နုတ်ယူရမည်။ ထိုသို့နုတ်ယူရာတွင် သက်ဆိုင်သူ၏ နှစ်တစ်နှစ်အတွင်း အဆိုပါ ခေါင်းစဉ်မှ ဝင်ငွေအရပ်ရပ်ပေါင်းအပေါ် ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက်၍ အတတ်နိုင်ဆုံး အညီအမျှအရစ်များဖြင့် နုတ်ယူပြီး ပေးသွင်းရမည်။"ဟု ပြဋ္ဌာန်းထားပါသည်။

**လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်**

၆။ အလုပ်ရှင်မှအလုပ်သမားများအား နေရာထိုင်ခင်းထောက်ပံ့ကြေးများကို ငွေသားလက်ငင်း ပေးချေထောက်ပံ့ခြင်း နှင့် အိမ်ငှားစရိတ်အနေဖြင့် ထပ်ဆောင်းထောက်ပံ့ပေးခြင်းတို့ကို ထိုအလုပ် သမား၏ လစာဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၇။ အောက်ဖော်ပြပါကိစ္စရပ်များအတွက် လစာဝင်ငွေခွန်တွက်ချက်ရာတွင် ထည့်သွင်းတွက်ချက်ရန် မလိုအပ်ပါ-

(က) အလုပ်ရှင်မှ အလုပ်သမားအား အလုပ်ရှင်ပိုင်ဆိုင်သော ပုံသေပိုင်ပစ္စည်းစာရင်းဝင် အဆောက်အအုံတွင် နေရာထိုင်ခင်းပေး၍ ထောက်ပံ့ပေးခြင်း၊

(ခ) အလုပ်ရှင်မှ နေရာထိုင်ခင်း အဆောက်အဦ (အိမ်၊ တိုက်ခန်း သို့မဟုတ် ကာလရှည် နေထိုင်စေရန်အလို့ငှာ ဟိုတယ် အစရှိသော ) ကို ငှားရမ်း၍ ယင်း၏ အလုပ်သမားများ အား ထိုအဆောက်အဦတွင် အခမဲ့နေထိုင်စေခြင်း။

**နမူနာဖြစ်စဉ် (၁)**

A ကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဦးမြသည် အဆိုပါကုမ္ပဏီ၌ အင်ဂျင်နီယာရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်လလျှင် ကျပ် ၁,၂၀၀,၀၀၀ ရရှိပါသည်။ ၎င်းအလုပ်လုပ်ကိုင်နေသည့် A ကုမ္ပဏီတွင် ဝန်ထမ်း အိမ်ရာမရှိပါသဖြင့် မိသားစုနှင့်အတူအိမ်ငှား၍ နေထိုင်ပါသည်။ A ကုမ္ပဏီသည် ဝန်ထမ်းများအတွက် အိမ်ရာစီစဉ်ပေးနိုင်ခြင်းမရှိသဖြင့် နေရာအခက်အခဲကြောင့် အိမ်ငှားနေရသည့် ဝန်ထမ်းများအား အိမ်ငှားစရိတ်အနေဖြင့် လစဉ် ထောက်ပံ့ပေးလျက်ရှိပါသည်။ ဦးမြသည်လည်း ကုမ္ပဏီမှ လစဉ် ထောက်ပံ့ပေးသည့် အိမ်ငှားစရိတ် ကျပ် ၁၅၀,၀၀၀ အား ရရှိသည့် ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။

| | | | |
|---|---|---|---|
| တစ်နှစ်အတွက်လစာဝင်ငွေ(၁,၂၀၀,၀၀၀ x ၁၂) | = | ၁၄,၄၀၀,၀၀၀/- | ကျပ် |
| အိမ်ငှားစရိတ်ရရှိငွေ (၁၅၀,၀၀၀ x ၁၂) | = | ၁,၈၀၀,၀၀၀/- | ကျပ် |
| **စုစုပေါင်းဝင်ငွေ(လစာဝင်ငွေခွန်တွက်ချက်ရန်ဝင်ငွေ)** | **=** | **၁၆,၂၀၀,၀၀၀/-** | **ကျပ်** |

သို့ဖြစ်ပါ၍ ဦးမြ၏ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လစာဝင်ငွေခွန် တွက်ချက်မည်ဆိုပါက လစာအပြင် အိမ်ငှားစရိတ်အနေဖြင့် ထပ်ဆောင်းရရှိသည့် ထောက်ပံ့ကြေးအား စုစုပေါင်းဝင်ငွေအနေဖြင့် ထည့်သွင်းတွက်ချက်ရန်လိုအပ်မည်ဖြစ်ပါသည်။

## နမူနာဖြစ်စဉ် (၂)

ဒေါ်လှသည် ရန်ကုန်မြို့ရှိ B ဟိုတယ်တွင် မန်နေဂျာရာထူးဖြင့် အလုပ်လုပ်ကိုင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်လလျှင် ကျပ် ၁,၀၀၀,၀၀၀ ရရှိပါသည်။ ၎င်းသည် နာတာရှည်ဒူးနာသည့် ဝေဒနာခံစားနေသည့်အတွက် ဆေးကုသမှုခံယူနေရသူဖြစ်ပါသည်။ B ဟိုတယ်သည် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် လိုအပ်သောကာကွယ်ဆေးများထိုးပေးခြင်း၊ ဆေးစစ်ပေးခြင်းများ ပြုလုပ်ပေးသည့်အပြင် မကျန်းမာသည့်ဝန်ထမ်းများအား လစဉ် ဆေးကုသစရိတ် ထောက်ပံ့ပေးလျက်ရှိပါသည်။ ဒေါ်လှသည်လည်း ဟိုတယ်မှ လစဉ်ထောက်ပံ့သော ဆေးကုသစရိတ် ကျပ် ၁၃၀,၀၀၀ အား ရရှိ သည့် ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။

| | | | |
|---|---|---|---|
| တစ်နှစ်အတွက်လစာဝင်ငွေ(၁,၀၀၀,၀၀၀ x ၁၂) | = | ၁၂,၀၀၀,၀၀၀/- | ကျပ် |
| ဆေးကုသစရိတ်ရရှိငွေ (၁၃၀,၀၀၀ x ၁၂) | = | ၁,၅၆၀,၀၀၀/- | ကျပ် |
| **စုစုပေါင်းဝင်ငွေ(လစာဝင်ငွေခွန်တွက်ချက်ရန်ဝင်ငွေ)** | **=** | **၁၃,၅၆၀,၀၀၀/-** | **ကျပ်** |

သို့ဖြစ်ပါ၍ ဒေါ်လှ၏ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လစာဝင်ငွေခွန် တွက်ချက်မည်ဆိုပါက လစာအပြင် ဆေးကုသစရိတ်အနေဖြင့် ထပ်ဆောင်းရရှိသည့် ထောက်ပံ့ကြေးအား စုစုပေါင်းဝင်ငွေအနေဖြင့် ထည့်သွင်းတွက်ချက်ရန်လိုအပ်မည်ဖြစ်ပါသည်။

## နမူနာဖြစ်စဉ်(၃)

C ကုမ္ပဏီသည် အထည်ချုပ်လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဦးဘသည် အဆိုပါကုမ္ပဏီ၌ မန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်လလျှင် ကျပ် ၉၀၀,၀၀၀ ရရှိပါသည်။ ၎င်းသည် ကုမ္ပဏီမှပိုင်ဆိုင်သည့်ဝန်ထမ်းအိမ်ရာတွင် မိသားစုနှင့် အတူနေထိုင်သည့် ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။

ဦးမောင်သည်လည်း C ကုမ္ပဏီ၌ ဒု-စက်ရုံမှူးရာထူးဖြင့် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်လလျှင် ကျပ် ၈၀၀,၀၀၀ ရရှိပါသည်။ ဦးမောင်သည် ကုမ္ပဏီမှပိုင်ဆိုင်သည့် ဝန်ထမ်းအိမ်ရာတွင် အခန်းမရရှိပါသဖြင့် ကုမ္ပဏီအနေဖြင့်စရိတ်ကျခံငှားရမ်းပေးသည့် တိုက်ခန်းတွင် မိသားစုနှင့်အတူ နေထိုင်ပါသည်။

ဦးဘတစ်နှစ်အတွက်စုစုပေါင်းဝင်ငွေ (၉၀၀,၀၀၀ x ၁၂) = ၁၀,၈၀၀,၀၀၀/- ကျပ်

(လစာဝင်ငွေခွန်တွက်ချက်ရန်ဝင်ငွေ)

ဦးမောင်တစ်နှစ်အတွက်စုစုပေါင်းဝင်ငွေ (၈၀၀,၀၀၀ x ၁၂) = ၉,၆၀၀,၀၀၀/- ကျပ်

(လစာဝင်ငွေခွန်တွက်ချက်ရန်ဝင်ငွေ)

သို့ဖြစ်ပါ၍ ဦးဘကဲ့သို့ ကုမ္ပဏီမှပိုင်ဆိုင်သည့်ဝန်ထမ်းအိမ်ရာတွင်နေထိုင်ခြင်းနှင့် ဦးမောင်ကဲ့သို့ ကုမ္ပဏီမှငှားရမ်းပေးသော တိုက်ခန်းတွင်နေထိုင်ခြင်းတို့သည် ဝန်ထမ်းများအနေဖြင့် လစာအပြင် ထောက်ပံ့ကြေးအနေဖြင့် ထပ်ဆောင်းရရှိခြင်းမဟုတ်သည့်အတွက် အဆိုပါဝန်ထမ်းများ၏ သက်ဆိုင်ရာ ဘဏ္ဍာနှစ်အတွက် လစာဝင်ငွေခွန်တွက်ချက်ရာတွင် စုစုပေါင်းဝင်ငွေအနေဖြင့် ထည့်သွင်းတွက်ချက်ရန် မလိုအပ်ပါ။

နမူနာဖြစ်စဉ်(၄)

D ကုမ္ပဏီသည် ဓာတ်မြေဩဇာနှင့်စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီဖြစ်ပါသည်။ ဦးအောင်သည် အဆိုပါကုမ္ပဏီ၌ အရောင်းမန်နေဂျာရာထူးဖြင့် တာဝန်ထမ်းဆောင် နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး တစ်လလျှင် ကျပ် ၉၀၀,၀၀၀ ရရှိပါသည်။ ၎င်းသည် ဓာတ်မြေဩဇာ များရောင်းချရန်နှင့် စိုက်ပျိုးရေးပစ္စည်းဈေးကွက်ချဲ့ထွင်ရန်အတွက် မကြာခဏ ခရီးထွက်ရသူလည်း ဖြစ်ပြီး အလုပ်ခရီးတစ်ခုတွင် မတော်တဆမှုဖြစ်ပွား၍ ကာလအတော်ကြာ ဆေးကုသမှုခံယူခဲ့ရပါသည်။ ဦးအောင် ဆေးကုသရာတွင်ကုန်ကျခဲ့သည့်စရိတ်များသည် အလုပ်တာဝန်များထမ်းဆောင်ရာတွင် ထိခိုက်ခဲ့ခြင်းဖြစ်သည့်အတွက် ကုမ္ပဏီမှ စရိတ်ကျခံပေးခဲ့ခြင်းဖြစ်ပါသည်။

ဦးမောင်တစ်နှစ်အတွက်စုစုပေါင်းဝင်ငွေ (၉၀၀,၀၀၀ x ၁၂) = ၁၀,၈၀၀,၀၀၀/- ကျပ်

(လစာဝင်ငွေခွန်တွက်ချက်ရန်ဝင်ငွေ)

သို့ဖြစ်ပါ၍ ကုမ္ပဏီမှကျခံပေးခဲ့သည့် ဆေးကုသစရိတ်သည် ဦးအောင်အနေဖြင့် လစာအပြင် ထောက်ပံ့ကြေး ထပ်ဆောင်းရရှိခြင်းမဟုတ်သည့်အတွက် ၎င်း၏ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လစာဝင်ငွေခွန်တွက်ချက်ရာတွင် စုစုပေါင်းဝင်ငွေအနေဖြင့် ထည့်သွင်း တွက်ချက်ရန်မလိုအပ်ပါ။

၈။ ဤအမိန့်ကြော်ငြာစာ... 

( မင်းထွဋ် )

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂) / ဥစ-၁ / ပတ၁ / ၂၀၂၃ (၄၈၅၀)

ရက် စွဲ၊ ၂၀၂၃ ခုနှစ် ဇွန် လ ၂၈ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်(အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူးများ၊အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁)၊(၂)

ဌာနမှူးများ၊အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)(၂)(၃)(၄)(၅)

တိုင်းဒေသကြီး/ပြည်နယ်အခွန်ဦးစီးဌာနမှူး(အားလုံး) } သက်ဆိုင်ရာအခွန်ထမ်းများကိုအသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ